ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကယားပြည်နယ်အစိုးရအဖွဲ့

# ကယားပြည်နယ်၊ ရေချိုငါးလုပ်ငန်းဥပဒေ

( ၂၀၁၄ ခုနှစ် ကယားပြည်နယ်လွှတ်တော် ဥပဒေအမှတ် - ၁၈ )

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်

# ကယားပြည်နယ်၊ ရေချိုငါးလုပ်ငန်းဥပဒေ

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | | ၁ |
| ၂။ | အခန်း(၁) | အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၃။ | အခန်း(၂)ရည်ရွယ်ချက်များ | | ၅ |
| ၄။ | အခန်း(၃) | အငှားဂရန်၊ လိုင်စင်လျှောက်ခြင်း၊ ထုတ်ပေးခြင်း | ၆ |
| ၅။ | အခန်း(၄) | အခွန်အခပေးဆောင်ခြင်း | ၇ |
| ၆။ | အခန်း(၅) | ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ | ၈ |
| ၇။ | အခန်း(၆) | ဝန်ကြီး၏လုပ်ပိုင်ခွင့်များ | ၉ |
| ၈။ | အခန်း(၇) | ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၀ |
| ၉။ | အခန်း(၈) | စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း | ၁၁ |
| ၁၀။ | အခန်း(၉) | အယူခံခြင်း | ၁၃ |
| ၁၁။ | အခန်း(၁၀) | ပြန်အမ်းငွေလျှောက်ထားခြင်း | ၁၄ |
| ၁၂။ | အခန်း(၁၁) | တားမြစ်ချက်များ | ၁၅ |
| ၁၃။ | အခန်း(၁၂) | ပြစ်ဒဏ်များ | ၁၈ |
| ၁၄။ | အခန်း(၁၃) | အထွေထွေ | ၁၉ |

# ကယားပြည်နယ်၊ ရေချိုငါးလုပ်ငန်းဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော် ဥပဒေအမှတ် - ၁၈)

## ၁၃၇၆ ခုနှစ်၊နတ်တော်လဆန်း ၇ ရက်

## ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားချက်နှင့်အညီ ယင်းဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကယားပြည်နယ်အတွင်း ငါးလုပ်ငန်းကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်နှင့် မျိုးထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်၍ ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကယားပြည်နယ်၊ ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်ရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ ကယားပြည်နယ် တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ကယားပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ကယားပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ကယားပြည်နယ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ကယားပြည်နယ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီးကိုဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ကယားပြည်နယ်၊ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ပြည်နယ်ဦးစီးဌာနမှူး** ဆိုသည်မှာ ကယားပြည်နယ်၊ ငါးလုပ်ငန်းဦးစီးဌာနမှူး ကိုဆိုသည်။

(ဆ) **ခရိုင်ဦးစီးဌာနမှူး** ဆိုသည်မှာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးကိုဆိုသည်။

(ဇ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဦးစီးဌာန၏ ပြည်နယ်နှင့် ခရိုင်ဦးစီးဌာနမှူးများကို လည်းကောင်း၊ ပြည်နယ်ဦးစီးဌာနမှူးက စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးကိုလည်းကောင်းဆိုသည်။

(ဈ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ည) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများလည်းပါဝင်သည်။

(ဋ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဌ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ဍ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များလည်း ပါဝင်သည်။

(ဎ) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများ သန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်အေးခဲသိုလှောင်ထိန်းသိမ်းထားသည့် စက်ရုံကို ဆိုသည်။

(ဏ) **ပြုပြင်မွမ်းမံအလုပ်ရုံ၊စက်ရုံ**ဆိုသည်မှာ ရေထွက်ပစ္စည်းများကို ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ လုပ်ဆောင်သော အလုပ်ရုံ၊ စက်ရုံနှင့် သိုလှောင်ထိန်းသိမ်းသော အလုပ်ရုံ၊စက်ရုံကို ဆိုသည်။

(တ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ရေထွက်ပစ္စည်းများကို မူလအခြေအနေမှတစ်နည်းနည်းဖြင့်ပြင်ဆင်ပြောင်းလဲခြင်း၊ ပြုပြင်မွမ်းမံခြင်းကို ဆိုသည်။ယင်းစကားရပ်တွင်အေးခဲခြင်း၊ ကြပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ငါးကြေမှုန့် ပြုလုပ်ခြင်း၊စည်သွပ်ခြင်းနှင့် ငါးမှစားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ထ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ကယားပြည်နယ်၏ နယ်နိမိတ်အတွင်းတွင် ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ ငါးများ နေထိုင်ကျက်စားခိုအောင်းပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်တမံကြီး၊ ရေလွှဲဆည်များ၊ အစိုးရအဖွဲ့၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ လိပ်များနှင့် မိကျောင်းများဥချသည့် အသိုက်များ၊ ကျင်းများ၊ လိပ်ဥကျွန်းများ စသည်တို့လည်း ပါဝင်သည်။

(ဒ) **ဂရန်အင်း** ဆိုသည်မှာ ဝန်ကြီးဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်း စသည့်သတ်မှတ်ချက်များ ထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဓ) **ကြေးတိုင်အင်း** ဆိုသည်မှာ ငါးသယံဇာတ ထိန်းသိမ်းရန် အလို့ငှာ အငှားဂရန်ကို နှစ်ရှည်ချထားသောအင်းကို ဆိုသည်။

(န) **သီးသန့်အင်း** ဆိုသည်မှာ ဝန်ကြီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုး ပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်။

(ပ) **ဘေးမဲ့အင်း**ဆိုသည်မှာ ငါးမပြုန်းတီးစေရန်နှင့် ငါးမျိုးများ ပေါက်ပွားကြီးပြင်းစေရန်အတွက် ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရန် ပိတ်ပင်တားမြစ်ထားသော ရေပြင်ကို ဆိုသည်။

(ဖ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်းအဖြစ် သတ်မှတ်ထားသောနေရာဒေသမှအပ အခြားရေချို ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဗ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေပြင်တစ်ခုခုမှငါးဖမ်းခြင်းဖြင့် ရရှိသော ငါး၊ သက်ရှိ ရေသတ္တဝါများနှင့် ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် လိပ်နှင့် ဥများ၊ မိကျောင်းနှင့် ဥများ၊ ဖျံ၊ ဂဏန်း၊ ယောက်သွား၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော် စသည်များလည်း ပါဝင်သည်။

(ဘ) **အငှားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့်ဂရန်ကို ဆိုသည်။

(မ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ ပြည်နယ်ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် အအေးခန်းစက်ရုံနှင့် ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံ တည်ထောင်လုပ်ကိုင်ရန် ဦးစီးဌာနကထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ယ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်။

(ရ) **ရေလုပ်သား** ဆိုသည်မှာ ငါးလုပ်ငန်း တစ်ရပ်ရပ်တွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့် ဖြစ်စေ ပါဝင်လုပ်ကိုင်ရန် ခရိုင်ဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်ထားသူကို ဆိုသည်။

(လ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်နယ်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသောအကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

( ခ ) ငါးသယံဇာတများ လျော့နည်းပြုန်းတီးမှုမှ ကာကွယ်တားဆီးရန်၊

( ဂ ) ငါးနေငါးထိုင်တောများနှင့် ၎င်းတို့၏ဂေဟစနစ်များ ပျက်စီးမှုမှ ကာကွယ်တားဆီးရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) ပြည်နယ်က ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊

( င ) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်စေရန်၊

(စ) တရားမဝင် ငါးလုပ်ငန်းများကို ကာကွယ်တားဆီးရန်၊

(ဆ) ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး ပြည်ပသို့ တင်ပို့ ရောင်းချနိုင်ရန်၊

(ဇ) ရေထွက်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ထုတ်လုပ်နိုင်စေရန်၊

(ဈ) ငါးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံနှုန်း သတ်မှတ်ချက်များနှင့် အညီဖြစ်စေရန်။

## အခန်း (၃)

## အငှားဂရန်၊ လိုင်စင်လျှောက်ခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါ ဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် လိုင်စင် ထုတ်ပေးရမည် -

(က) နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် နိုင်ငံခြားမတည်ငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း။

၇။ ပြည်နယ်ဦးစီးမှူးသည် အအေးခန်းစက်ရုံတည်ထောင်လုပ်ကိုင်ခြင်းနှင့် ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံတည်ထောင်လုပ်ကိုင်ခြင်းအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် လိုင်စင်ထုတ်ပေးရမည်။

၈။ ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် လိုင်စင်ချထားသည့် ကိစ္စတို့ကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် လိုင်စင်ချထားခြင်း ပြုရမည်။

၉။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် လိုင်စင်ချထားသည့်ကိစ္စတို့တွင် ပြည်နယ်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် အငှားဂရန် သို့မဟုတ် လိုင်စင်ချထားခြင်းပြုရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် လိုင်စင်ချထားသည့် ရေပြင်တို့မှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးရမည်။

၁၁။ ခရိုင်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် ရေလုပ်သားများနှင့်ပတ်သက်၍ မှတ်ပုံတင်လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

## အခန်း (၄)

## အခွန်အခပေးဆောင်ခြင်း

၁၂။ ဂရန်အင်းလေလံဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ လိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းအပြေအကျေပေးဆောင်ရမည်။

၁၃။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင် ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်း အပြေအကျေပေးဆောင်ရမည်။

၁၄။ အအေးခန်းစက်ရုံ၊ ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံတည်ထောင်လုပ်ကိုင်ခြင်းအတွက် သတ်မှတ်သော လိုင်စင်ကြေးနှင့် အခြားအခကြေးငွေများကို ပေးဆောင်ရမည်။

၁၅။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်ချက်များနှင့်အညီ အင်းခွန်နှင့် အခြားကျသင့်သည့် အခကြေးငွေများကို ပေးဆောင်ရမည်။

၁၆။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်။

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သောအခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၁၇။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများ အတွက် အခွန်အခပေးဆောင် ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) ပြည်နယ်အကျိုးငှာ ဆောင်ရွက်ရန်လိုအပ်သည့် ငါးသယံဇာတဖွံ့ဖြိုးရေးလုပ်ငန်း။

၁၈။ ငါးလုပ်ငန်းမှ ရရှိသော အခွန်အခများကို ဦးစီးဌာနငွေစာရင်းသို့ ပေးဆောင်ရမည်။

## အခန်း (၅)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် -

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း အပြေအကျေ ပေးဆောင်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဤဥပဒေအရ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းသုတေသန လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်။

(ဃ) မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် ရေလုပ်သားများနှင့် စပ်လျဉ်း၍ ခရိုင်ဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်လျှောက်ထားရမည်။

(င) မိမိလုပ်ငန်းတွင် ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်စေရမည်။

(စ) နိုင်ငံတော်၏ တည်ဆဲဥပဒေများကိုလည်း လိုက်နာရမည်။

(ဆ) ပြန်အမ်းငွေများကို ဥပဒေနှင့်အညီ ပြန်လည်ထုတ်ပေးရန် လျှောက်ထားနိုင်သည်။

## အခန်း (၆)

## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၂၀။ ဤဥပဒေအရ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(ခ) အအေးခန်းစက်ရုံ၊ ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံတည်ထောင်လုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုခြင်း၊

(ဂ) မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဃ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(င) လိုင်စင်ခ၊ ငါးစိုခွန်၊ ငါးဖမ်းရေယာဉ်ခွန်မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန် ရှိသော အခွန်အခများကို သတ်မှတ်ပေးခြင်း၊

(စ) ဂရန်အင်း၊ ကြေးတိုင်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဆ) တင်ဒါငါးဖမ်းကွက် သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဇ) မည်သည့်ငါးလုပ်ငန်းကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့် ပြုခြင်း၊

(ဈ) ဤဥပဒေနှင့်အညီ ပြန်လည်ထုတ်ပေးခွင့်ရှိသော ပြန်အမ်းငွေပမာဏကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ည) ဥပဒေနှင့်အညီ အခြားလိုအပ်သော အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

## အခန်း (၇)

## ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၁။ ပြည်နယ်ဦးစီးဌာနမှူး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(ဂ) လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(ဃ) ခရိုင်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(င) ဝန်ကြီးက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂၂။ ပြည်နယ်ဦးစီးဌာနမှူး၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်မကန်သောနည်းလမ်းဖြင့် ရယူထားကြောင်းတွေ့ရှိလျှင် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ယင်းအငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း၊

(ခ) ဦးစီးဌာနကထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင် ပျက်စီးပျောက်ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထားသူကို သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကိုထုတ်ပေးခြင်း၊

(ဂ) ပြန်လည်ထုတ်ပေးခွင့်ရှိသော ပြန်အမ်းငွေပမာဏကိုစိစစ်၍ ဝန်ကြီးထံတင်ပြခြင်း၊

(ဃ) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံခြင်းဆိုင်ရာ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်းတို့ကို စစ်ဆေးစေခြင်း၊

(င) ဦးစီးအရာရှိ တစ်ဦးဦးကိုငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ စစ်ဆေးရန် စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်း။

## အခန်း (၈)

## စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၂၃။ ခရိုင်ဦးစီးဌာနမှူးနှင့် စစ်ဆေးရေးမှူးတို့သည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို စစ်ဆေးနိုင်သည် -

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်း၊ အအေးခန်းစက်ရုံ၊ ပြုပြင်မွမ်းမံအလုပ်ရုံ စက်ရုံ၊ ရေပြင်နယ်နိမိတ်အတွင်းရှိ ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ဂရန်အင်း၊ ကြေးတိုင်အင်း၊ သီးသန့်အင်း၊ ဘောမဲ့အင်း တင်ဒါဖြင့် ချထားသော ငါးဖမ်းကွက်၊

(ခ) လုပ်ငန်း၏အငှားဂရန်နှင့် လိုင်စင်အပါအဝင် လိုအပ်သည့်စာရွက်စာတမ်းများ၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများ။

၂၄။ ခရိုင်ဦးစီးဌာနမှူးသည် ဖမ်းဆီးရမိသည့် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးများနှင့် စပ်လျဉ်း၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အကျုံးဝင်သော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးတို့ကိုသိမ်းဆည်းခြင်း၊

(ခ) ငါးနှင့်အခြားလျှင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းချရငွေကို ရငွေအဖြစ် ဦးစီးဌာန၏ ငွေစာရင်းတွင် ပေးသွင်းခြင်း၊

(ဂ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း။

၂၅။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

( ခ ) ဖမ်းဆီးထားသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးများနှင့် အခြားပစ္စည်းများကို သိမ်းဆည်းခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

( ဂ ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် ငါးများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း၊

(ဃ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့်ငါးများကို သင့်လျော်သော ဒဏ်ကြေးငွေပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

( င ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ရငွေအဖြစ် ဦးစီးဌာနငွေစာရင်းတွင် ပေးသွင်းစေခြင်း၊

( စ ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက အခြားတစ်ဦးတစ်ယောက်အား အငှားဂရန် သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းထားကြောင်းစစ်ဆေးတွေ့ရှိရပါက ပြန်လည်ရုပ်သိမ်းခြင်း၊

(ဆ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက အခြားတစ်ဦးတစ်ယောက်အား နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ရုပ်သိမ်းခြင်း။

## အခန်း (၉)

## အယူခံခြင်း

၂၆။ (က) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း သုံးဆယ်အတွင်း ပြည်နယ်ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၇။ (က) ဤဥပဒေအရ ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

(ခ) ဝန်ကြီးသည် ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၈။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၀)

## ပြန်အမ်းငွေလျှောက်ထားခြင်း

၂၉။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်ထားနိုင်သည် -

(က) နိုင်ငံတော်နှင့် ပြည်နယ်၏အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးလုပ်ငန်းလုပ်ကိုင်မှု ထိခိုက်နစ်နာခြင်း။

၃၀။ ပုဒ်မ ၂၉ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၁။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၂၉ အရ လျှောက်ထားလာသည့်ကိစ္စရပ်သည် မှန်ကန်ကြောင်း စိစစ်တွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်ရထိုက်သော ပြန်အမ်းငွေပမာဏကို သတ်မှတ်၍ ဝန်ကြီးထံ တင်ပြရမည်။

၃၂။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးရမည်။

၃၃။ ပုဒ်မ ၃၂ အရ သတ်မှတ်ပေးထားသည့် ပြန်အမ်းငွေပမာဏကို ဦးစီးဌာနက ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၁)

## တားမြစ်ချက်များ

၃၄။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း၊ အအေးခန်းစက်ရုံ၊ ပြုပြင်မွမ်းမံအလုပ်ရုံစက်ရုံ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၃၅။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၃၆။ အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အဆိုပါ အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားတစ်ဦးတစ်ယောက်အား လွှဲပြောင်းခြင်းမပြုရ။

၃၇။ နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူ၊ အအေးခန်းစက်ရုံ၊ ပြုပြင်မွမ်းမံအလုပ်ရုံစက်ရုံ တည်ထောင်ခွင့်လိုင်စင်ရရှိသူသည် ထိုလိုင်စင်ကို အခြားတစ်ဦးတစ်ယောက်အား လွှဲပြောင်းခြင်းမပြုရ။

၃၈။ မည်သူမျှ ငါးသယံဇာတထိန်းသိမ်းထားသည့် ကြေးတိုင်အင်းနှင့် ဒေသငါးများမွေးမြူထားသည့် ငါးမျိုးချန်နေရာများတွင် ဝင်ရောက်ငါးဖမ်းဆီးခြင်း မပြုရ။

၃၉။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) သဘာဝသယံဇာတနှင့် ငါးနေငါးထိုင်တောများ၊ ယင်းတို့၏ ဂေဟစနစ်များကို ပျက်စီးစေတတ်သော ပစ္စည်းကိရိယာများ၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အဆိပ်အတောက်နှင့် ဓာတုပစ္စည်းများ အသုံးပြု၍ ငါးဖမ်းခြင်း၊ အန္တရာယ်ဖြစ်စေတတ်သောပစ္စည်းဖြင့် ငါးဖမ်းခြင်း၊ အကျိုးဖျက်ဆီးခြင်းသို့မဟုတ် ယင်းပစ္စည်းများ လက်ဝယ်ထားရှိခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးအမျိုးအစား၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း၊

(င) ငါးများကို အနှောက်အယှက်ဖြစ်စေရန်၊ ရေထုညစ်ညမ်းစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုထိခိုက်စေရန် သက်ရှိ၊ သက်မဲ့သတ္တဝါကိုဖြစ်စေ၊ အရာဝတ္ထုတစ်ခုခုကို ဖြစ်စေ ရေထဲသို့စွန့်ပစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်တွင် စွန့်ပစ်ခြင်း၊

(စ) ရေထွက်ပစ္စည်းကို ပြုပြင်မွမ်းမံ၍ အစားအသောက်နှင့် ကုန်ချောထုတ်လုပ်သူများသည် တည်ဆဲဥပဒေများပါ အန္တရာယ်ကင်းရှင်းမှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိဘဲ ပြုပြင်မွမ်းမံခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊

(ဆ) ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သူသည် သဘာဝပတ်ဝန်းကျင်၊ ငါးနေငါးထိုင် ဂေဟစနစ်ကို ထိခိုက်စေသော ပြုလုပ်မှုဖြစ်ပေါ်စေခြင်း၊ ရေစီးရေလာပြောင်းလဲဟန့်တားခြင်း၊ ပြုပြင်ထုတ်လုပ်ရေးစက်ရုံ၊ အအေးခန်းစက်ရုံမှ ရေဆိုးနှင့် အညစ်အကြေး၊စွန့်ပစ်ဓာတုပစ္စည်းများကို ငါးမွေးမြူရေးရေပြင်သို့ စွန့်ထုတ်ခြင်း ။

၄၀။ မည်သူမျှ ဂရန်အင်း လေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် လိုင်စင်ချထားခြင်းခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေတို့ကို နေ့ချင်းပြီးပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၁။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ကျားပိုက် စသည်တို့ကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းဖြင့် ပိတ်ဆို့တားဆီးခြင်းမပြုရ။

၄၂။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၄၃။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးနှင့် အခြားရေသတ္တဝါတို့အား အနှောက်အယှက်ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။

၄၄။ မည်သူမျှ ဂရန်အင်းအတွင်း အောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) ဂရန်အင်း၏ ရေစီးရေလာပျက်ပြားစေရန်၊ သဘာဝအခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း၊

(ဂ) သီးနှံစိုက်ပျိုးခြင်း၊

(ဃ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း။

၄၅။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ ကြေးတိုင်အင်း၊ သီးသန့်အင်း၊ ဘောမဲ့အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

၄၆။ ဤဥပဒေအရ လုပ်ပိုင်ခွင့်ရှိသော မည်သည့်ဝန်ထမ်းမဆို -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးယူဆောင်ရွက်ခြင်းမရှိဘဲ ထိန်ချန်ခြင်းမပြုရ၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း မရိုးမဖြောင့်သောသဘောဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်းမပြုရ။

# အခန်း (၁၂)

# ပြစ်ဒဏ်များ

၄၇။ မည်သူမဆို ပုဒ်မ ၃၄ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၈။ မည်သူမဆို ပုဒ်မ ၃၅ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၉။ မည်သူမဆို ပုဒ်မ ၃၆၊ ၃၇၊ ၃၈၊ ၃၉ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၀။ မည်သူမဆို ပုဒ်မ ၄၀၊ ၄၁၊ ၄၂ ၊ ၄၃၊ ၄၄ နှင့် ၄၅ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၁။ ပုဒ်မ ၄၆ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့် လုပ်ပိုင်ခွင့်ရှိသည့် မည်သည့်ဝန်ထမ်းမဆို ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၂။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၅၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံ ကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်။

## အခန်း (၁၃)

## အထွေထွေ

၅၄။ (က) ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ၊ စာရွက်စာတမ်း၊ အထောက်အထား၊ ဓာတ်ပုံမှတ်တမ်းများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

(ခ) ဤဥပဒေအရ ဦးစီးဌာနက စီမံခန့်ခွဲရေးနည်းလမ်းဖြင့် သိမ်းဆည်းပြီးဖြစ်သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းဖြစ်ပါက တရားစွဲဆိုတင်ပို့သောပြစ်မှုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ ပူးတွဲတင်ပြရမည်။ ထိုသို့တင်ပြသည့် သက်သေခံပစ္စည်းကိုသက်ဆိုင်ရာတရားရုံးက ထပ်မံစီမံခန့်ခွဲခြင်း မပြုရ။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း၊ တရားစွဲဆိုခြင်းမပြုရ။

၅၆။ ပုဒ်မ ၄၆ အရ လုပ်ပိုင်ခွင့်ရှိသော ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန် လိုအပ်ပါက သက်ဆိုင်ရာပြည်နယ်ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆိုခြင်းပြုရမည်။

၅၇။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၈။ ပြည်နယ်နှင့် ခရိုင်ဦးစီးဌာနမှူးများသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။

၅၉။ နယ်စပ်ဖြတ်ကျော်ရေထွက်ပစ္စည်းများပြည်ပပို့ကုန်ရေထွက်ပစ္စည်းများကို စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးခံရမည်။ လိုအပ်ပါက ကျန်းမာကြောင်းလက်မှတ်( Health Certificate ) ရယူရမည်။

၆၀။ ဤဥပဒေအရ ဦးစီးဌာနက ရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့မှတ်ယူ၍ အရကောက်ခံရမည်။

၆၁။ ဦးစီးဌာနသည် ဂရန်အင်းနှင့်သီးသန့်အင်းတို့၏ နယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာအစိုးရဌာနနှင့်ညှိနှိုင်း၍ပြုစုထားရှိရမည်။

၆၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်ပါက အမိန့်နှင့်ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ခင်မောင်ဦး

ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့